ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## NCCT နှင့် UPWC တို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် အတည်ပြု - မူကြမ်း အပေါ်

## သဘောထားထုတ်ပြန်ချက်

ရက်စွဲ - ၂၀၁၅ ခုနှစ်၊ ဧပြီလ (၇) ရက်

၁။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) ၏ တစ်နှစ်ကျော်ကာလ လုပ်ငန်းကြိုးပမ်းအားထုတ်ဆောင်ရွက်မှုအား အသိအမှတ်ပြုသည်။

၂။ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့က သဘောတူလက်မှတ်ရေးထိုးမှုသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခြင်း မဟုတ်ဘဲ၊ စာချုပ်မူကြမ်းကို NCCT နှင့် UPWC တို့အကြား အတည်ပြု လက်မှတ်ရေးထိုးခြင်းမျှသာ ဖြစ်သည်။

၃။ အဆိုပါ အတည်ပြုမူကြမ်းအား NCCT အဖွဲ့ဝင်များမှ မိမိတို့သက်ဆိုင်ရာ ထိပ်သီးခေါင်းဆောင်များသို့ ပြန်လည်တင်ပြအစီရင်ခံရမည်ဖြစ်ပြီး၊ ထိုမှတဆင့် ထိပ်သီးညီလာခံ၏အဆုံးအဖြတ်ကို ရယူသွားရန်ဖြစ်သည်။

၄။ UNFC သည် NCCT ၏ လုပ်ငန်းဆောင်ရွက်မှု အဆုံးသတ် ပြီးမြောက်နိုင်ရေးအတွက် မူလ ချမှတ်ထားသော ရပ်တည်ချက် 'မူ'အတိုင်း ဆက်လက် အကောင်အထည် ဖော်သွားမည် ဖြစ်သည်။

၅။ NCCT နှင့် UPWC တို့အကြား ရရှိထားသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် အတည်ပြု မူကြမ်းမှာ အပြီးသတ်သဘောတူလိုက်သည့်စာချုပ် မဟုတ်ပါကြောင်း နှင့် စာချုပ်ပါ အကြောင်းအရာအချို့ကို ဆက်လက်ဆွေးနွေးပြီးသည့်နောက် " ***လိုအပ်သည့် အကောင်အထည်ဖော်မှု*** " ရှိမှသာ အပြီးသတ် သဘောတူလက်မှတ်ရေးထိုးနိုင်မည် ဖြစ်သည်။

၆။ UNFC အနေဖြင့် စစ်မှန်သောငြိမ်းချမ်းရေး နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး တို့အပြင် တိုင်းပြည်အတွင်း ဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းသောနည်းဖြင့် တွေ့ဆုံညှိနှိုင်းအဖြေရှာသွားရန် အစဉ်တစိုက် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


***ဆက်သွယ်ရန်***

| | | |
|---|---|---|
| *နိုင်ဟံသာ* | *- ဒုတိယဥက္ကဋ္ဌ (၁)* | *ဖုန်း - + 66 (0) 805030849* |
| *ခူဦးရယ်* | *- အထွေထွေအတွင်းရေးမှူး* | *ဖုန်း - + 66 (0) 932712009* |
| *ဗိုလ်မှူးကြီး ခွန်ဥက္ကာ* | *- တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)* | *ဖုန်း - + 66 (0) 819502158* |